ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၁)၊ အမှတ်-၆ | လစဉ်သတင်းလွှာ | နိုဝင်ဘာ ၁၃ ရက်၊ ၂၀၁၉

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရန် ပညာရေးကဏ္ဍမူဝါဒ ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးဆုံးဖြစ်နေ



**အောက်တိုဘာ ၁၀၊ ၂၀၁၉**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား ကာကွယ်ရန်အတွက် ကဏ္ဍအသီးသီးမှ ပြောင်းလဲလုပ်ဆောင်ရန် အရေးကြီးသော်လည်း ပညာရေးကဏ္ဍအတွင်း မူဝါဒများပြုပြင်ပြောင်းလဲခြင်းသည် ပထမဆုံးနှင့်အရေးကြီးဆုံးဖြစ်ကြောင်း Myanmar Institute of Gender Studies (MIGS)က ထုတ်ပြန်သည့် Women Safer (Women Safety at School) စာစောင်အရ သိရသည်။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့်အကြမ်းဖက်မှုများသည် လုံးဝလက်မခံနိုင်သည့်ကိစ္စဖြစ်ကြောင်း မူဝါဒများ သေချာထုတ်ပြန်ဖို့လိုအပ်ပြီး စာသင်ကျောင်းများမှလည်း တုံ့ပြန်မှုအပိုင်း တိုးတက်လာစေဖို့ လုပ်ဆောင်ရန်လိုအပ်ကြောင်း သိရသည်။ တုံ့ပြန်မှုဆိုသည်မှာ ကျောင်းသူများ ကျောင်းသို့သွားရာလမ်း လုံခြုံမှုအခြေအနေများကို ကောက်ယူထားခြင်း၊ အကြမ်းဖက်မှုများကြောင့် အပြုအမူအပြောင်းအလဲဖြစ်ပါကလည်း နှစ်သိမ့်ဆွေးနွေးပညာပေးများရရှိအောင် လွှဲပြောင်းပေးခြင်း၊ လုံခြုံမှုရှိသော ကျောင်းပတ်ဝန်းကျင် ဖြစ်လာစေရန် သင်တန်းများပေးခြင်း၊ လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး သင်ရိုးညွှန်းတမ်းများ ထားရှိသင်ကြားခြင်းတို့ဖြစ်သည်။

ဆရာ၊ ဆရာမများကို အကြမ်းဖက်မှုနှင့်ပတ်သက်သည့် သင်တန်းများပေးခြင်း၊ ကျောင်းအခြေစိုက်၍ နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ အမျိုးသမီးများအတွက် သီးသန့်ဝန်ဆောင်မှုများ (သီးသန့်ခွဲထားသည့် ကျောင်း၊ အိမ်သာ၊ မုန့်ဈေးတန်း၊ အမျိုးသမီးသီးသန့်ကျောင်း၊ အမျိုးသမီးဆရာများဖြင့် သင်ကြားခြင်း) ပြုလုပ်ပေးခြင်းတို့လည်း ပြုလုပ်သင့်သည်ဟု စာစောင်ကအကြံပြုထားသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို ကျောင်းသားမိဘ၊ ဆရာ/မများနှင့် ပြုလုပ်ရန်လိုအပ်သလို အစိုးရတာဝန်ရှိသူများနှင့် လူထုအတွင်းတွင်လည်း ဆွေးနွေးမှုများ ပြုလုပ်သင့်သည်ဟု သိရသည်။

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လအထိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သက်ငယ်မုဒိမ်းဖြစ်ပွားမှုပေါင်း (၂၃၄၄) မှုရှိကြောင်း သက်ဆိုင်ရာအစိုးရ သတင်းထုတ်ပြန်ချက်အရ သိရသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အတောအတွင်း သက်ငယ်မုဒိမ်းမှုများစွာဖြစ်ပွားခဲ့ပြီး ပြည်သူအများစိတ်ဝင်စားပြီး တစ်နိုင်ငံလုံးပျံ့နှံ့ခဲ့သည့် သက်ငယ်မုဒိမ်းမှုမှာ Wisdom Hill မူကြိုကျောင်းမှ အသက် (၃) နှစ်အရွယ် ဗစ်တိုးရီးယားအမှုဖြစ်သည်။ ၎င်းအဖြစ်အပျက်များကြောင့် မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုများ မဖြစ်အောင်၊ သက်ငယ်မုဒိမ်းမှုများပပျောက်အောင် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ရန် အရေးတကြီး လိုအပ်နေသည်။

**ရွှေလေး**



ဓာတ်ပုံ- စည်သူ

# မြန်မာနိုင်ငံ၏ စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသမီးများပါဝင်မှု

**အောက်တိုဘာ ၄၊ ၂၀၁၉**

နှစ်ပေါင်း (၇၀) ကျော်ကြာအောင် ပြည်တွင်းစစ်ထဲက ရုန်းမထွက်နိုင်သေးသည့် မြန်မာနိုင်ငံသည် စစ်၏ဆိုးကျိုးများကို ခံစားနေရသည်။ မငြိမ်းချမ်းမှုကြောင့် ခံစားရသည့်ဝေဒနာကို အထူးသဖြင့် သက်ကြီးရွယ်အို၊ အမျိုးသမီးများနှင့် ကလေးငယ်များလည်း ခံစားနေရပြီး မလုံခြုံမှုများနှင့် အကာအကွယ်ကင်းမဲ့နေဆဲ ဖြစ်သည်။

ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ရန် ဘာ့ကြောင့်အရေးကြီးလဲ

"လူသားတို့၏ မွေးရာပါအခွင့်အရေးကို တန်ဖိုးထားပြီး လွတ်လပ်မှုကို မြတ်နိုးသော ဒီမိုကရေစီစနစ်တွင် အမျိုးသမီးအခွင့်အရေးများကို အထူးတန်ဖိုးထား ကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်သင့်သည်"ဟု ဒေါက်တာဆလိုင်းလျန်မှုန်း၏ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံမူများနှင့် သဘောတရားများ" စာအုပ်တွင် ရေးသားထားသည်။ မြန်မာ့လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ပြီး စစ်၏ဆိုးကျိုးများကို တိုက်ရိုက်ထိတွေ့ခံစားနေရသူများတွင် အမျိုးသမီးများကလည်း အများစုပါဝင်နေသည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ခွင့်ရရှိရေးသည် အရေးကြီးသည့်အချက်ဆိုတာ သံသယဖြစ်ဖွယ်ရာမရှိပါ။ သို့သော်လည်း အမျိုးသမီးများသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိပ္ပာယ်ပြည့်ဝစွာ လုံလုံလောက်လောက် ပါဝင်ခွင့်မရသေးပေ။



ဓာတ်ပုံ- စည်သူ

## ငြိမ်းချမ်းရေးညီလာခံများနှင့် အမျိုးသမီးပါဝင်မှု

လော်ခီလာညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်တွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်သင့်သည်ဟု သဘောတူခဲ့ကြသည်။ သို့သော်လည်း တစ်နိုင်ငံလုံးအပစ်ရပ်စဲရေးစာချုပ် (NCA) ချုပ်ဆိုရာတွင် အမျိုးသမီးတစ်ဦးမျှ မပါဝင်ခဲ့ပါ။ ငြိမ်းချမ်းရေးညီလာခံတွင် အမျိုးသမီးပါဝင်နှုန်းကို လေ့လာကြည့်ရင်လည်း ပြည်ထောင်စုညီလာခံတွင် ၇ ရာခိုင်နှုန်း၊ ပထမအကြိမ် ၂၁ ရာစု ပင်လုံညီလာခံတွင် ၁၃ ရာခိုင်နှုန်း၊ ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံတွင် ၁၅ ရာခိုင်နှုန်း၊ တတိယအကြိမ် ၂၁ရာစု ပင်လုံညီလာခံတွင် ၁၇ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ ငြိမ်းချမ်းရေးညီလာခံအဆင့်ဆင့်တွင် အမျိုးသမီးပါဝင်နှုန်းတိုးတက်လာပေမယ့် ၃၀ ရာခိုင်နှုန်းပြည့်မီရန် အများကြီးလိုအပ်နေသေးသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ရန် ဘယ်လိုစိန်ခေါ်မှုတွေရှိနေလဲ

အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဖြစ်သည့် စက်တင်ဘာလ (၂၁) ရက်နေ့တွင် အထိမ်းအမှတ်အခမ်းအနားတချို့ ပြုလုပ်ခဲ့ပြီး အမျိုးသမီးများငြိမ်းချမ်းရေးတွင် အဓိပ္ပာယ်ရှိရှိပါဝင်ခွင့်ရရေးကိုလည်း အချက်တစ်ခုအနေနှင့် ဆွေးနွေးတောင်းဆိုခဲ့ကြသည်။ အမျိုးသမီးများ ပါဝင်ခွင့်ဆိုရာတွင်လည်း အဓိပ္ပာယ်ရှိသည့်ပါဝင်မှုမျိုး၊ ဆုံးဖြတ်ချက်ချနိုင်သည့်အဆင့်တွင် ပါဝင်မှုမျိုးဖြစ်ရန် လိုအပ်သည်။ ဒီလိုပါဝင်ခွင့်အတွက် လက်ရှိအနေအထားတွင် အခက်အခဲ၊ စိန်ခေါ်မှုများစွာရှိနေသည်။ ဥပမာ- ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးသည့် ၂၁ ရာစုညီလာခံတက်ရောက်ခွင့်ရသည့် အဖွဲ့အစည်းများတွင် အမျိုးသားများ ဦးဆောင်နေပြီး အမျိုးသမီးများကိုနေရာဖယ်ပေးလိုမှု အားနည်းနေသည်။ အမျိုးသမီးများကလည်း တောင်းဆိုမှု အားနည်းနေသည်။ ဘဝတစ်လျှောက်ဖြတ်သန်းကြုံတွေ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှုများကြောင့် အမျိုးသမီးများသည် နိုင်ငံရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်ရန် စိတ်ဝင်စားမှုအားနည်းနေကြသည်။ ပါဝင်ဖို့ရန်အတွက်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်ရရှိမှု၊ လက်လှမ်းမီမှုနည်းပါးကြသည်။ ထို့ကြောင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်ဖို့လုပ်ဆောင်ရာတွင် အသိပညာပေးမှုများစွာလည်း လိုအပ်နေသည်။

## စစ်မှန်သည့်ငြိမ်းချမ်းရေးနှင့် အမျိုးသမီးများပါဝင်မှု

စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိရန် ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်မှုသည် အရေးကြီးသည့်အချက်ဖြစ်သည်။ အမျိုးသမီးများ မပါဝင်နိုင်လျှင် စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန် ခက်ခဲနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးညီလာခံတွင် အမျိုးသမီးပါဝင်မှုကို လက်ရှိရှိနေသည့် ၁၇ ရာခိုင်နှုန်းထက် မြင့်တက်လာရန်၊ အဓိပ္ပာယ်ပြည့်ဝသည့် ၃၀ ရာခိုင်နှုန်းပါဝင်လာရန် သက်ဆိုင်ရာအစိုးရ၊ အဖွဲ့အစည်းအသီးသီးက အလေးထားလုပ်ဆောင်ဖို့ လိုအပ်ပေသည်။

**ရွှေလေး**



ဓာတ်ပုံ- Women's league of Burma Facebook

# အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့်စီမံချက်တွင် ပါဝင်သင့်သည့်အချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် အကြံပြု

**စက်တင်ဘာ ၂၆၊ ၂၀၁၉**

အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့် စီမံချက်(National Action Plan) ရေးဆွဲရာတွင် ထည့်သွင်းသင့်သည့် အခြေခံသဘောတရားများ ထည့်သွင်းရေးဆွဲ အကောင်အထည်ရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (Women's league of Burma) က အကြံပြုတိုက်တွန်းလိုက်သည်။

ယင်းစီမံချက်တွင် ပဋိပက္ခဒေသရှိ အမျိုးသမီးများ ပူးပေါင်းပါဝင်ခြင်း၊ အမျိုးသမီးများအား အကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးခြင်း၊ ကြိုတင်တားဆီးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စသည့်အခြေခံသဘောတရားများအပေါ်မူတည်ပြီး ရေးဆွဲအကောင်အထည်ဖော်ဆောင်ရန် ဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)က ဦးဆောင်ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး နော်ဆဲဆဲက "National Action Plan ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းမှုမှာ တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်ဖို့ရည်ရွယ်ပြီး ဒီနှစ် ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများဖိုရမ်မှာ "ငြိမ်းချမ်းရေးအတွက် အတူတကွ - အားလုံးအတွက် လုံခြုံရေး" ဆိုတဲ့ခေါင်းစဉ်နဲ့ ဝိုင်းဝန်းဆွေးနွေးအဖြေရှာနိုင်ဖို့ စီစဉ်တာဖြစ်ပါတယ်။ ဒါက အစိုးရလုပ်ရမယ့်အလုပ်ဖြစ်ပေမယ့် အစိုးရကိုလုပ်လာဖို့ မြင်လာမယ့် နည်းလမ်းတွေ၊ ယန္တရားတွေရှိဖို့ ကျွန်မတို့က တစ်ထောင့်တစ်နေရာကနေ ဘယ်လိုပံ့ပိုးပြီး၊ ထောက်ပြကြမလဲဆိုတဲ့ ပြင်ဆင်ချက်နဲ့လုပ်တာ ဖြစ်ပါတယ်"ဟု အခမ်းအနားတွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၃၂၅ သည် စစ်ပဋိပက္ခအတွင်း ဖြစ်ပွားခဲ့သည့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များဖြစ်သည်။ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိစ္စများအတွက် ပထမဆုံးချမှတ်ခဲ့သည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသည်လည်း ယင်းဆုံးဖြတ်ချက်ပါအချက်အလက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ထိုသို့အကောင်အထည်ဖော်သည့်အခါ နိုင်ငံတော်အဆင့်စီမံမှုများ (National Action Plan) ချမှတ်အကောင်အထည်ဖော်ရန်လည်း လိုအပ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနှင့် နိုင်ငံတော်အဆင့်စီမံမှုများ ပေါ်ပေါက်ရေးအတွက် စတင်လုပ်ဆောင်သွားရန် တိုက်တွန်းကြောင်း နော်ဆဲဆဲက အခမ်းအနားတွင် ပြောကြားခဲ့သည်။

သူက "ကျွန်မတို့ ဒါကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လုပ်သွားမှာဖြစ်တယ်။ National Action Plan ထွက်ရှိလာဖို့ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေနဲ့ ဆက်ပြီးရှေ့ဆက်သွားမယ်။" ဟုဆိုသည်။

(၂) ရက်ကြာကျင်းပခဲ့သည့် ယင်းအခမ်းအနားတွင် ပဋိပက္ခဒေသနှင့် ပဋိပက္ခလွန်ဒေသမှာရှိသည့် အမျိုးသမီးများ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်ပတ်သက်ပြီး ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အမြင်သဘောထားများ ပါဝင်နေမှုကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

**ရွှေလေး**

**အောက်တိုဘာ ၁၆၊ ၂၀၁၉**

# အသက် (၂၀) အရွယ် မြန်မာမိန်းကလေးတစ်ဦး နော်ဝေသံအမတ်အဖြစ် တစ်ရက်တာ တာဝန်ထမ်းဆောင်ခဲ့

အသက် (၂၀) အရွယ် မြန်မာမိန်းကလေး တစ်ဦး နော်ဝေသံရုံး(ရန်ကုန်)၏ သံအမတ်ကြီး အဖြစ် တစ်ရက်တာ တာဝန်ထမ်းဆောင်ခဲ့ သည်ဟု သိရသည်။

မအေးအိန္ဒြေမောင်သည် Plan International ၏ ပုခုံးပြောင်းတာဝန်လွှဲယူကြမည့် မိန်း ကလေးငယ်များ (Girls Takeover) အစီ အစဉ်၏ကဏ္ဍတစ်ခုအနေနှင့် နော်ဝေသံရုံး တစ်ခုလုံးကို အောက်တိုဘာ ၁၀ ရက်နေ့က ဦးဆောင်စီမံခန့်ခွဲသွားခဲ့ခြင်း ဖြစ် သည် ဟု နော်ဝေသံရုံး (ရန်ကုန်) က အောက်တိုဘာ လ (၁၅) ရက်နေ့က သတင်းထုတ်ပြန်ထား သည်။

နော်ဝေသံရုံး၏ သံအမတ်ကြီးအဖြစ် တစ်ရက်တာထမ်းဆောင်ခဲ့သည့် မအေးအိန္ဒြေ မောင်က "အစည်းအဝေးချည်းပဲ ၁၀ ခု လောက် တက်ခဲ့ရတဲ့ ဒီနေ့ကတော့ အတော့်ကို ရှုပ်ထွေးပင်ပန်းလွန်းပါတယ်။ ဒါပေမယ့် ကျွန်မကတော့ ပျော်နေတာပဲ။ သံတမန် လောကမှာလည်း အလုပ်လုပ်ချင်ပါတယ်။ အမျိုးသမီးတစ်ယောက်က ဦးဆောင်နေတဲ့ သံရုံးမှာ အလုပ်လုပ်ရတာကိုက အရမ်းကို စိတ်ခွန်အား တိုးပွားခဲ့ပါတယ်။ ကျွန်မလို မိန်းကလေးငယ်တွေကိုလည်း ဦးဆောင်သူ တွေဖြစ်အောင် ကြိုးစားကြဖို့ တိုက်တွန်းလို ပါ တယ်"ဟုဆိုသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအတွက် အတားအဆီးတချို့ ရှိနေပေမယ့်လည်း အတား အဆီးများကို ကြောက်မနေဘဲ ပေး လာသည့်အခွင့်အရေးများကို အမိအရ ဖမ်း ဆုပ်ဖို့ကိုလည်း သူက တိုက်တွန်းပြောကြား ခဲ့သည်။ မအေးအိန္ဒြေမောင်သည် ရန်ကုန် တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေး ပညာ ဒုတိယနှစ်တက်ရောက်နေသူ တစ်ဦးလည်း ဖြစ်သည်။

နော်ဝေသံအမတ်ကြီး Tone Tinnes က "သံအမတ်အဖြစ် တစ်ရက်တာ တာဝန် ယူ လုပ်ဆောင်သွားခဲ့တဲ့ အေးအိန္ဒြေရဲ့ လုပ် ရပ်တွေကတော့ အံ့မခန်းပါပဲ။ အနာဂတ်မှာ အမျိုးသမီးခေါင်းဆောင်တစ်ယောက် ဖြစ် လာနိုင်တဲ့ မြန်မာနိုင်ငံရဲ့ မျိုးဆက်သစ်တွေ ထဲက အထင်ရှားဆုံး စံနမူနာတစ်ခုလို့လည်း ဆိုရမှာပါ။ နောက်ဆိုရင် နိုင်ငံရေးနယ်ပယ် နဲ့ ဦးဆောင်သူအခန်းကဏ္ဍတွေမှာ ပေါ်လွင် ထင်ရှားလာမယ့် မြန်မာမိန်းကလေးအားလုံး ကို ကိုယ်စားပြုသွားတယ်ဆိုရင်လည်း မမှား



ဓာတ်ပုံ-Royal Norwegian Embassy in Yangon Facebook

ပါဘူး"လို့ မှတ်ချက်ပေးခဲ့သည်။

မအေးအိန္ဒြေမောင်သည် ရန်ကုန်မှာရှိ သည့် သံမှူးများနှင့်အတူ ရွေးကောက်ပွဲ ဆိုင်ရာအစည်းအဝေးကို တက်ရောက်ခဲ့ရ သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဥက္ကဋ္ဌ ဖြစ်လာရေး နော်ဝေ၏ ကြိုးပမ်းမှုများအတွက် လည်း အကြံပေးဆွေးနွေးခဲ့သည်။ ထို့အပြင် Norwegian Church Aid အဖွဲ့ကို လက်ခံ တွေ့ဆုံခဲ့သလို သံရုံး၏ ဆိုရှယ်မီဒီယာတွင် လွှင့်တင်မည့် အကြောင်းအရာများကိုလည်း လမ်းညွှန်ဆုံးဖြတ်ပေးခဲ့သည်။

Girls Takeover အစီအစဉ်သည် ကမ္ဘာတစ်ဝန်းတွင်ရှိသည့် မိန်းကလေးငယ် များ ဦးဆောင်မှုကဏ္ဍကို ရယူနိုင်ကြစေရန် တိုက်တွန်းအားပေးသည့်အနေနှင့် လူမှုရေး အရရော၊ နိုင်ငံရေး အရပါ ကြိုးပမ်းဆောင် ရွက်သင့်သည်များကို နှိုးဆော်နေခြင်းဖြစ် သည်။

**ရွှေလေး**


ဓာတ်ပုံ-https://www.wilsoncenter.org

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီး၊ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုတာ ငြိမ်းချမ်းရေးလမ်းကို သွားဖို့ဖန်တီးပေးတဲ့ ကျွန်မတို့ရဲ့ အကြီးမားဆုံး အခွင့်အလမ်းတစ်ခု ဖြစ်တယ်၊ ကျွန်မတို့အတွက်၊ ကမ္ဘာကြီးအတွက်၊ ဒီနေ့အတွက်၊ အနာဂတ်အတွက်...."


------ Sahana Dharmapuri (Gender Advisor)

# NLD အစိုးရ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုကတိကဝတ်တွေပေးခဲ့လဲ

**အောက်တိုဘာ ၉၊ ၂၀၁၉**

၂၀၁၅ အထွေထွေရွေးကောက်ပွဲ မတိုင်ခင်က ပါတီကြီးအချို့က ရွေးကောက်ပွဲကြေညာစာတမ်းများ ထုတ်ပြန်ခဲ့သည်။ ၎င်းတို့ပါတီ ရွေးကောက်ပွဲအောင်နိုင်ပြီး အစိုးရတစ်ရပ်အဖြစ် တာဝန်ယူရပါက နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးနှင့်အခြားကဏ္ဍများတွင် ချမှတ်လုပ်ဆောင်သွားမည့် မူဝါဒများကို ရွေးကောက်ပွဲကြေညာစာတမ်းတွင် ထည့်သွင်းရေးသားထားသည်။ ရွေးကောက်ပွဲကြေညာစာတမ်းဟူသည် ပါတီ၏ရွေးကောက်ပွဲကတိကဝတ်လည်း ဖြစ်သည်။ ယခုအစိုးရတစ်ရပ်အဖြစ် တာဝန်ယူထမ်းဆောင်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရသည်လည်း "ပြောင်းလဲချိန် တန်ပြီ" ဟူသည့်ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။

NLD ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် ဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်မည့်ကဏ္ဍ (၁၃) ခု ပါဝင်ပြီး အမျိုးသမီးကဏ္ဍသည် အမှတ်စဉ် (၉) နေရာတွင် ရှိသည်။ ရွေးကောက်ပွဲကြေညာစာတမ်းတွင် ပါရှိသည့် အမျိုးသမီးကဏ္ဍအတွက် လုပ်




ဆောင်မည့်မူဝါဒများကို ဖော်ပြလိုက်ပါသည်။

၁။ အမျိုးသမီးများသည် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ရရှိစေရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေများ ထိရောက်မှုရှိစေရန် ဆောင်ရွက်မည်။

၂။ အမျိုးသမီးများ ဖိနှိပ်ချုပ်ချယ်ခံရမှု၊ မလုံခြုံမှု၊ အကြမ်းဖက်ခံရမှု၊ နည်းမျိုးစုံဖြင့် အနိုင်ကျင့်ခံရမှုများ ရပ်ဆိုင်းသွားရန် လိုအပ်သလို အရေးယူဆောင်ရွက်မည်။ အမျိုးသမီးများ မိမိကိုယ်မိမိ ကာကွယ်ပေးထားသော ဥပဒေများနားလည်လာစေရန်နှင့် ဗဟုသုတများ ပြည့်စုံရန်အတွက် ဆောင်ရွက်ပေးမည်။

၃။ မိသားစုအတွင်း မြေယာပိုင်ဆိုင်ခွင့်များအတွက် အခွင့်အရေးများ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ဥပဒေများကို နားလည်လာစေရေး ဆောင်ရွက်ပေးမည်။

၄။ တူညီသော လုပ်ငန်းလုပ်ကိုင်ရာတွင် တူညီသော ခံစားပိုင်ခွင့်ရရှိစေရေးနှင့် အဆင့်တိုင်းတွင် ရာထူးတိုးပေးရာ၌ ခွဲခြားမှုမရှိစေရန် ဆောင်ရွက်မည်။

၅။ တန်းတူပညာသင်ကြားပိုင်ခွင့်နှင့် ကျောင်းဝင်ခွင့် သတ်မှတ်ချက်များတို့တွင် ခွဲခြားမှုမရှိစေရန် ဆောင်ရွက်မည်။

၆။ ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားသတ်မှတ်ထားသော ကာလအတွင်း အမျိုးသမီးများသည် ကျန်းမာရေးအရ နိုင်ငံတော်အစောင့်အရှောက် ခံယူရရှိစေမည်။ အလုပ်လုပ်ကိုင်နေသော အမျိုးသမီးများအတွက် ဥပဒေနှင့်အညီ မီးဖွားအနားယူခွင့် ခံစားစေရမည်။ **ရွှေလေး**